# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၈၂)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်**

**(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိတဲ့အနက် ၃၅၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၈၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးကတင်ပြပါမယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၂) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ် ခွင့် ၁၄ ရက်၊

(၃) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၄ ရက်၊

(၄) ထန်းတပင်မဲဆန္ဒနယ်မှ ဦးစိန်ထွန်း ခွင့် ၄ ရက်၊

(၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၆) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၄ ရက်၊

(၇) အမ်းမဲဆန္ဒနယ်မှ ဦးသိန်းဆွေ ခွင့် ၁ ရက်၊

မူကြမ်း

(၈) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၉) ပေါင်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၁၀) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၂ ရက်၊

(၁၁) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရှိအုပ် ခွင့် ၄ ရက်၊

(၁၂) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၃) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊

(၁၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၁၅) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၁၆) အင်္ဂပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၄ ရက်၊

(၁၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၂ ရက်၊

(၁၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၁၉) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၄ ရက်၊

(၂၀) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၃ ရက်၊

(၂၁) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၂၂) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၄ ရက်၊

(၂၃) မြိတ်မဲဆန္ဒနယ်မှ ဦးဋွေးမြင့် ခွင့် ၂ ရက်၊

(၂၄) တမူးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၂၅) ဘုတလင်မဲဆန္ဒနယ်မှ ဦးသန်းနွယ် ခွင့် ၁ ရက်၊

(၂၆) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂၇) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၄ ရက်၊

(၂၈) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၄ ရက်၊

(၂၉) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၄ ရက်၊

(၃၀) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၂ ရက်၊

(၃၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်တောက်ထွန်း ခွင့် ၁၀ ရက်၊

(၃၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်ဋွေးနိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်ကိုကို အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးအောင်မြင့် ခွင့် ၄ ရက်၊

**မူကြမ်း**

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဇော်ဇော်မြင့် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၆) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမြတ်ကို ခွင့် ၄ ရက်၊

(၃၇) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးနိုင်ဝင်း ခွင့် ၄ ရက်၊

(၃၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်နိုင်ထွန်း အစည်းအဝေးပြီးဆုံးသည်ထိ၊

(၃၉) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထွန်းတောက် ခွင့် ၄ ရက်၊

(၄၀) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇော်လင်း ခွင့် ၄ ရက်၊

(၄၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်လှိုင်ဝင်း ခွင့် ၄ ရက်၊

(၄၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ကြီးကိုကိုနိုင် အစည်းအဝေးပြီးဆုံးသည်ထိ၊

(၄၃) တန့်ယန်းမဲဆန္ဒနယ်မှ ဦးထွန်းဆာ(ခ)ဦးစိုင်းထွန်းဝင်း ခွင့် ၄ ရက်၊

(၄၄) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၄ ရက်၊

(၄၅) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၄ ရက်၊

(၄၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၄ ရက်၊

(၄၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၂ ရက်၊

(၄၈) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၄ ရက်၊

(၄၉) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၄ ရက်၊

(၅၀) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၁ ရက်၊

(၅၁) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၄ ရက်၊

(၅၂) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၄ ရက်၊

(၅၃) ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးဘထီး ခွင့် ၃ ရက်နှင့်

(၅၄) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက် တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၁၇ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကောင်းကျိုးလိုရာဆန္ဒပြည့်စုံကြပါစေ။ အားလုံးကို ကျန်းမာရွှင်လန်းစွာနဲ့ ပြန်လည်တွေ့ဆုံရလို့လည်း ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကို ၂၄-၇-၂၀၁၅ ရက်နေ့တွင် ခေတ္တရပ်နားခဲ့ပြီး ၁၀-၈-၂၀၁၅ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့သော်လည်း နိုင်ငံတစ်ဝှမ်း ဒေသအတော်များများ၌ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများစသည့် သဘာဝဘေးအန္တရာယ်များ ပေါ်ပေါက်ခဲ့သည့်အတွက် ကြေညာထားသည့်နေ့ရက်ကို ရွှေ့ဆိုင်းခဲ့ရပါတယ်။ ယခုအခါ သက်ဆိုင်ရာအဖွဲ့အစည်းများက ကယ်ဆယ်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ လွှတ်တော်အနေဖြင့်လည်း မဖြစ်မနေ ပြဋ္ဌာန်းရမည့် ဥပဒေကြမ်းများ၊ လွှတ်တော်ဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်အတွက် ယနေ့ ၁၈-၈-၂၀၁၅ ရက်နေ့တွင် လွှတ်တော်အစည်းအဝေး ပြန်လည်စတင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါလွှတ်တော်လုပ်ငန်းများ ဆောလျင်စွာ အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအားလုံး တက်ကြွစွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံတိုက်တွန်းရင်း ကြိုဆိုနှုတ်ခွန်းဆက်သလိုက်ပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဦးသိန်းထွန်း၊ ကျောက်ကုန်းမဲဆန္ဒနယ်က ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်မှုများနှင့် လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမယ့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် (၁၂)ကြိမ်မြောက် လွှတ်တော်ပုံမှန် အစည်းအဝေးကို ရပ်ဆိုင်းပေးပါရန် အရေးကြီးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးသိန်းထွန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ကျောက်ကုန်းမဲဆန္ဒနယ်က အရေးကြီးအဆိုတစ်ရပ် တင်သွင်းထားပါတယ်။ ဦးသိန်းထွန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းထွန်း(ကျောက်ကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါ စေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောက်ကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော် ယနေ့တင်မယ့် အရေးကြီးအဆိုကတော့ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် တိုင်းဒေသကြီး/ပြည်နယ်များအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်မှုများနှင့် လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမယ့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် (၁၂)ကြိမ်မြောက် လွှတ်တော်ပုံမှန်အစည်းအဝေး ကိုရပ်ဆိုင်းပေးပါရန် အရေးကြီးအဆိုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင်နှင့် ဩဂုတ်လများတွင်လည်းကောင်း သဘာဝဘေး အန္တရာယ်ကျရောက်မှုများနှင့် နောက်ဆက်တွဲ ရေဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု (၃)သိန်း ကျော်၊ လူဦးရေ (၁၄) သိန်းခန့်ဟာ အတိဒုက္ခရောက်ခဲ့ကြပြီး သဘာဝဘေးဒဏ်ကြောင့် ပိတ်ထားရ သည့်ကျောင်းများ၊ ထက်၊ လယ်၊ မူအဆင့် စုစုပေါင်း ကျောင်းပေါင်း ၄၁၀၃ ကျောင်းအနက် မူလတန်းအဆင့် ၃၃၁၄ ကျောင်းကိုလည်း ပိတ်ထားခဲ့ရပါတယ်။ သီးနှံများ ရေကြီးနစ်မြုပ်မှု၊ ထိခိုက် ပျက်စီးမှုစာရင်းဟာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သီးနှံစုစုပေါင်းဧက ၁ သန်း ၃ သိန်းခန့် ထိခိုက် ပျက်စီးခဲ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြို့နယ် ၁၇ မြို့နယ်မှာ အိမ်ထောင်စုပေါင်း

၇၇၉၁၈ စု၊ လူဦးရေပေါင်း ၃၁၂၇၁၈ ဦး၊ လယ်ယာမြေဧက (၃)သိန်းကျော် ရေကြီးနစ်မြုပ်ခဲ့ရပါတယ်။ အလားတူ ကျွန်တော်တို့ ကျောင်းကုန်းမြို့နယ်အနေဖြင့်လည်း ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာ ၅၀ အုပ်စုမှာ အိမ်ခြေပေါင်း ၁၂၉၄၇ ဦး၊ ကယ်ဆယ်ရေးစခန်းပေါင်း ၈၂ ခု ဖွင့်ပြီးတော့ လယ်ယာမြေပေါင်း ၂၅၀၀၀ ခန့် နစ်မြုပ်ခဲ့ရပါတယ်။ ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများစတဲ့ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရပြီးနောက် ဖြစ်ပေါ်လာတဲ့ ကျန်းမာရေးကိစ္စများအတွက် ကာကွယ်စောင့်ရှောက်အကူအညီပေးခြင်း၊ သဘာဝဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးခြင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်းအပါအဝင် ခေတ္တပိတ်ထားရတဲ့ စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လမ်းတံတားများ ပျက်စီးမှုကြောင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်သွားတဲ့ နေရာများကို အမြန်ပြီးစီးအောင် ပြင်ဆင်၍ ကျွဲ၊ နွား တိရစ္ဆာန်များ ရောဂါကင်းစင်ရေး၊ ရေကြီးမှုကြောင့် နစ်မြုပ်ပျက်စီးခဲ့သော လယ်ယာမြေများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးစတဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များမှာ ပြည်သူ့ကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များ အရွေးခံမည့်ကိုယ်စားလှယ်လောင်းများဟာ သဘာဝဘေးဒဏ်သင့် ဒေသခံပြည်သူလူထုနှင့်အတူ လူသားချင်း ကိုယ်ချင်းစာနာစိတ်ရှိကြသော ပရဟိတလူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် အတူတကွလက်တွဲဆောင်ရွက်ကြရန် အထူးလိုအပ်တဲ့အချိန်ကာလလည်း ဖြစ်ပါတယ်။

ထိုသို့ နိုင်ငံတစ်ဝှမ်းရှိ နိုင်ငံသူနိုင်ငံသားများ ပြည်သူတစ်ရပ်လုံးဟာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် NGO ၊ INGO အဖွဲ့များ စတဲ့အဖွဲ့အစည်းအသီးသီးတို့ ပူးပေါင်းပါဝင်လျက် ကယ်ဆယ်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်မှာ ပြီးပြတ်မှုမရှိသေးပါ။ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြတဲ့ ရွေးကောက်တင်မြှောက်ခံ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်များရဲ့ ပါဝင်ပူးပေါင်းကူညီမှု အခြေအနေများကလည်း အောင်မြင်ပေါက်မြောက်မှုမရှိသေးတဲ့အပြင် ယခုကာလဟာ ဝဿန်အခါ မိုးတွင်းရဲ့ ကာလဝက်မျှသာရှိခဲ့သဖြင့် နောက်ထပ် သဘာဝအန္တရာယ်များလည်း ကျရောက်နိုင်တဲ့အခြေအနေများလည်း ရှိလာနိုင်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့အတူ မြန်မာ့နိုင်ငံရေးအခင်းအကျင်းရဲ့ အရေးကြီးတဲ့ အလှည့်အပြောင်းကို ဖြစ်စေနိုင်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျင်းပပေးမယ့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲဟာ လာမယ့်နိုဝင်ဘာလ ၈ ရက်နေ့မှာ

ကျင်းပသွားမှာဖြစ်ပါတယ်။ ရက်ပေါင်း ၈၀ ခန့်သာ ကျန်ရှိနေပါတယ်။ ကော်မရှင်မှလည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအား ခေါ်ယူတွေ့ဆုံတဲ့ကာလလည်းဖြစ်သလို နိုင်ငံသူနိုင်ငံသားများနှင့် ပြည်သူလူထုအတွင်း ထဲထဲဝင်ဝင် ဝင်ရောက်လျက် ပြည်သူ့လိုအင်ဆန္ဒနှင့် မျှော်လင့်ချက်များကို လက်တွေ့ဖြည့်ဆည်းဆောင်ရွက်ပေးရမယ့် လုပ်ငန်းများအား တစိုက်မတ်မတ် အားထည့်ဆောင်ရွက်ရမယ့် အရေးကြီးဆုံးအချိန်ကာလလည်း ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့မှာ ကျင်းပပြုလုပ်ရန်ကြေညာထားတဲ့ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတစ်ဝှမ်း သဘာဝဘေးအန္တရာယ်ကျရောက်မှု အခြေအနေများကြောင့် ပြည်ထောင်စုလွှတ်တော်ရုံး ကြေညာချက်အမှတ်(၁/၂၀၁၅)ဖြင့် ရွှေ့ဆိုင်းခဲ့တဲ့နည်းတူ ယခု ပထမအကြိမ် လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေးကိုလည်း နိုင်ငံတော်၊ နိုင်ငံသားများနှင့် ပြည်သူလူထုအတွက် အလွန်အရေးကြီးတဲ့ ဥပဒေရေးရာကိစ္စရပ်များမှလွဲ၍ အခြားကိစ္စရပ်များကို ဆွေးနွေးကြခြင်းမပြုဘဲ အချိန်ကာလတိုအတွင်း ပြီးပြတ်အောင် ကျင်းပပြီးနောက် ယခုကျင်းပနေတဲ့ လွှတ်တော်အစည်းအဝေးများကို အမြန်ဆုံးပြီးပြတ်စေရေးအတွက် အောက်ပါအရေးကြီးအဆိုကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်။

အဆိုမှာ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လများတွင် တိုင်းဒေသကြီးပြည်နယ်များအတွင်း သဘာဝရေဘေးအန္တရာယ်ကျရောက်မှုများနှင့် လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ရမည့်အချိန် အလွန်နီးကပ်နေခြင်းတို့ကြောင့် (၁၂)ကြိမ်မြောက် လွှတ်တော်အစည်းအဝေးများကို ရပ်ဆိုင်းပေးပါရန် အရေးကြီးအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်မောင်ဝင်း(မင်္ဂလာဒုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသွားသော ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးအား ရပ်နားပေးပါရန် အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ မှာ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်ကနေပြီးတော့ ဩဂုတ်လ ၁၃ ရက်နေ့အထိ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ကိုမန် မုန်တိုင်းရဲ့ အငွေ့အသက်များကျရောက်ခြင်းကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတို့မှာ ရေလွှမ်းမိုးခြင်း၊ တောင်ပြိုခြင်းများ သဘာဝအန္တရာယ်များ ကျရောက်ခဲ့ပြီး အိမ်ထောင်စု ၂၉၄၃၃ စု၊ လူဦးရေပေါင်း ၁၂၈၁၉၃၇ ဦး၊ ရေဘေးသင့်ပြီး သေဆုံးသူ ၁၀၃ ဦးရှိခဲ့ကြောင်း လေ့လာ တွေ့ရှိခဲ့ ရပါတယ်။

ရေကြီးခြင်း၊ တောင်ပြိုခြင်းများကြောင့် တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံး စိတ်မကောင်းစွာ ခံစားနေရသလို ဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရတဲ့ ပြည်သူများမှလည်း စားဝတ်နေရေးဒုက္ခ စိတ်သောကများ ခံစားနေရပါတယ်။ ထို့အတွက်လည်း သက်ဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ စေတနာရှင်များ၊ အလှူရှင်များက ရေဘေးသင့်ပြည်သူများကို အားပေးနှစ်သိမ့် ကာ သူတို့ရဲ့ဘဝရှင်သန်ရေးကို ကူညီပံ့ပိုးလျက်ရှိပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် ပြည်သူ၏ကိုယ်စားပြု ကိုယ်စားလှယ်များ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူရဲ့ လိုအပ်ချက်အား ပြည်သူ့ကိုယ်စားလှယ်များက ဦးဆောင်ဦးရွက်ပြုလုပ်ပြီး ဖြည့်ဆည်းဆောင်ပေးရမှာ ဖြစ်ပါတယ်။ ယခုအချိန်အခါမှာ ကာကွယ်ရေးလုပ်ငန်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို မနားမနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ အခြားကာလမှာလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကို လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ အချို့ဒေသများမှာဆိုရင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်း များကို စတင်ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ စေတနာကြောင့် ပြည်သူ့ လွှတ်တော်အစည်းအဝေးကို ဩဂုတ်လ ၁၀ ရက်ကနေပြီးတော့ ၁၈ ရက်နေ့သို့ ပြောင်းရွှေ့ကျင်းပ လိုက်တဲ့အတွက်ကြောင့်မို့လို့ ရေဘေးအန္တရာယ်ကျရောက်နေရတဲ့ ပြည်သူများအား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ကာကွယ်ရေး၊ ကယ်ဆယ်ရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အထိုက်အသင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဘေးဒုက္ခ၊ တောင်ပြိုခြင်း ဒုက္ခကြုံနေရတဲ့အချိန်မှာ ပါတီအသီးသီးကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့ဒေသအတွင်းမှာရှိတဲ့ ပြည်သူများနှင့် အနီးကပ်နေထိုင်ပြီး ပြည်သူများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ထို့အပြင် ၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကို ဝင်ရောက်အရွေးခံမယ့်ပါတီကိုယ်စားလှယ် လွှတ်တော်ကိုယ်စားလှယ်များသည်

ရွေးကောက်ပွဲကော်မရှင်ရဲ့ စည်းကမ်း၊ ဥပဒေများအရ ကိုယ်တိုင်ဆောင်ရွက်ရမည့်လုပ်ငန်း များကို သက်ဆိုင်ရာရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲများရဲ့ လုပ်ငန်းစဉ်အရ ဆောင်ရွက်ရမည့် အချိန်အခါလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဧရာဝတီတိုင်း၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း တင်သွင်းသော ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေးကို ရပ်နားပေးပါရန် အရေးကြီးအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျောင်းကုန်းမဲဆန္ဒနယ်က ဦးသိန်းထွန်းတင်သွင်းတဲ့ အရေးကြီးအဆိုဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် နာယကနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ဥက္ကဋ္ဌအနေနဲ့သော်လည်းကောင်း၊ နာယကအနေနဲ့ သော်လည်းကောင်း မိမိရဲ့တာဝန်နဲ့လုပ်ပိုင်ခွင့်အတွင်းက ဉာဏ်အမြော်အမြင်နဲ့ ဆင်ခြင်သုံးသပ် ဆောင်ရွက်သွားရမယ့်ကိစ္စဖြစ်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ပြည်သူ့လွှတ်တော်တစ်ခုတည်းကို သုံးသပ်ဆောင်ရွက်ရန်တင်မကဘဲနဲ့ ဒီနေ့ ပြည်ထောင်စုလွှတ်တော်မှာရောက်ရှိနေတဲ့ ဥပဒေများ၊ လွှတ်တော်ဆိုင်ရာကိစ္စရပ်များအပါအဝင် ဒီကနေ့ မဖြစ်မနေပြဋ္ဌာန်းပေးရမယ့်ဥပဒေများကို ပြဋ္ဌာန်း ဆောင်ရွက်ပေးရမှာ မိမိတို့ရဲ့ လွှတ်တော်ရဲ့တာဝန်၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်ဖြစ်ပါ တယ်။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အဓိကတာဝန်က နိုင်ငံနဲ့နိုင်ငံသားအကျိုးစီးပွားကို ဖြစ်ထွန်းစေသောဥပဒေများ၊ နိုင်ငံတော်နှင့်နိုင်ငံသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သော ဥပဒေများကို အဓိကထားတာဝန်ယူ ဥပဒေပြုပြဋ္ဌာန်းပေးရမယ့်ကိစ္စများဖြစ်ပါတယ်။ ခုနက တင်ပြခဲ့တဲ့ သဘာဝရေဘေးအန္တရာယ်ကြောင့် ပေါ်ပေါက်လာတဲ့ကိစ္စရပ်များ၊ ပြန်လည်ထူထောင်ရေးနှင့် နောင် အနာဂတ် သဘာဝအန္တရာယ်များကျရောက်လာတဲ့အခါမှာ ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေး လုပ်ငန်းများအတွက် မိမိတို့နိုင်ငံမှာ လိုအပ်တဲ့အစီအမံများ၊ ဆောင်ရွက်ရမယ့်ကိစ္စများကို ကျွန်တော် တို့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဝေဖန်သုံးသပ်အကြံပြုပြီး လွှတ်တော်မှတစ်ဆင့် နိုင်ငံတော် အစိုးရ၊ ပြည်သူများကို တင်ပြဆောင်ရွက်ပြီး ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် အခုလို တစ်ဦးချင်း၊ တစ်ဦးချင်းလုပ်ဆောင်နေတာထက်စာရင် လွှတ်တော်ရဲ့အားကိုယူ၍ ဆောင်ရွက်တာ ပိုပြီး ကောင်းမြတ်မယ်လို့ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ ဒီလိုပဲယူဆပါတယ်။ ဒါမှသာ နိုင်ငံတော် အစိုးရနဲ့ပြည်သူများအနေနဲ့ မိမိတို့နိုင်ငံမှာ ကြုံတွေ့ကျရောက်လာနိုင်တဲ့ သဘာဝဘေးအန္တရာယ် များကို ကြိုတင်ကာကွယ်မှုတွေဘယ်လိုလုပ်မလဲ။ ထိုနည်းတူစွာပဲ ပေါ်ပေါက်လာတဲ့အခါမှာ ဘယ်လို

ကယ်ဆယ်ရေးတွေလုပ်မလဲ၊ ပြန်လည်ထူထောင်ရေးတွေလုပ်မလဲဆိုတဲ့ ကိစ္စများနဲ့ပတ်သက်ပြီး ဒီနေ့ အလေးထား သုံးသပ်ဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်။ သို့ရာတွင် အခုနက လွှတ်တော်ကိုယ်စားလှယ် တချို့တင်ပြသလို မိမိဒေသမှာဖြစ်တဲ့ကိစ္စများအတွက် မိမိတို့ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက်ဒုတိယအချက်ကတော့ လာမယ့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်မယ့်ရွေးကောက်ပွဲအတွက် ကိုယ်စားလှယ်လောင်း တင်သွင်းမှုကိစ္စဟာ အနာဂတ်ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စကလည်း ကိုယ်စားလှယ်လုပ်လိုတဲ့ ကိုယ်စားလှယ်များအတွက် အရေးကြီးတာ အမှန်ပဲဖြစ်ပါတယ်။ သို့ရာတွင် ဒီကနေ့ ဒီလွှတ်တော်ခန်းမထဲရောက်နေကြတဲ့ ကိုယ်စားလှယ်များဟာ ဒီကနေ့ လက်တွေ့လုပ်ရမယ့်လုပ်ငန်းထက် နောင်အနာဂတ်အတွက် မိမိ လွှတ်တော်ကိုယ်စားလှယ်ရရှိရေးအတွက် လုပ်တဲ့ကိစ္စက အရေးကြီးသလား။ ဘယ်ကိစ္စက အရေးကြီးသလဲ။ ဒီကနေ့ မိမိတို့ဟာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တယ်။ ဒါကြောင့်မို့လို့ ဒါကိုလည်း စဉ်းစားသုံးသပ်ရမှာဖြစ်တယ်။ အဓိကနဲ့သာမည ခွဲခြားသိဖို့၊ အဓိကတာဝန်နဲ့ သာမညတာဝန် ခွဲခြားသိဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စတင်အဖွင့်မှာ ပြောခဲ့တဲ့အတိုင်းပဲ လွှတ်တော်အနေနဲ့ ဒီနေ့မဖြစ်မနေ ပြဋ္ဌာန်းပေးရမယ့်ဥပဒေများကိုသာ ပြဋ္ဌာန်းပေးနိုင်ရေးအတွက် အဓိကထား ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ထိုနည်းတူစွာပဲ အခြားလွှတ်တော်ဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ၊ နိုင်ငံတော်သမ္မတထံမှ ပေးပို့လာတဲ့၊ ပေးပို့လာမယ့် လုပ်ငန်းကိစ္စရပ်များကိုလည်း ပြည်ထောင်စုလွှတ်တော်က စီမံဆောင်ရွက်ပေးမှသာ အစိုးရရဲ့လုပ်ဆောင်ရမယ့်ကိစ္စရပ်များ အဆင်ပြေချောမွေ့မှာဖြစ်တဲ့အတွက် ဒီကိစ္စကိုလည်း အလေးနက်ထားစဉ်းစားဖို့လိုပါတယ်။ အခုလို အရေးကြီးအဆိုအဖြစ်တင်သွင်းတဲ့ ကိစ္စကိုလည်း လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကြိုဆိုပါတယ်။ ဒါပေမဲ့ မိမိတို့လွှတ်တော်ကိုယ်စားလှယ်များဟာ ဒီကနေ့ အရေးကြီး ဆောင်ရွက်မယ့်ကိစ္စများဘာတွေရှိတယ် ဆိုတာကိုလည်း ကြိုတင်တွက်ဆထားဖို့လိုပါတယ်။ ဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌ တစ်ချိန်တည်းမှာပဲ အချိန်ကာလအပိုင်းအခြားအားဖြင့် လွှတ်တော်နာယကတစ်ယောက်အနေနဲ့ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည့် တာဝန်နှင့်လုပ်ပိုင်ခွင့်အတွင်းက ဆင်ခြင်မြော်မြင်မှုများနဲ့ သုံးသပ်ပြီးတော့ လွှတ်တော်လုပ်ငန်းများကို အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအဆို တင်လိုက်လို့ လွှတ်တော်ဥက္ကဋ္ဌက ဒီလွှတ်တော်ကြီးကို ရပ်နားပေးတာမဟုတ်ဘူးဆိုတာလည်း နားလည်ဖို့လိုပါတယ်။ သို့ရာတွင် ခုနက မိမိတို့ဟာ မိမိတို့ဒေသမှာ ရေဘေးကာကွယ်ရေး၊ ပြန်လည် ထူထောင်ရေးလုပ်ဖို့လိုအပ်တယ်လို့ ယူဆတယ်ဆိုရင် ခွင့်ယူသွားလို့ရပါတယ်။ ထိုနည်းတူစွာပဲ လာမယ့်ရွေးကောက်ပွဲမှာ မိမိတို့က ရွေးကောက်ပွဲအတွက် သွားရောက်ပြီးတော့ ကိုယ်စားလှယ်

**မူကြမ်း**

လောင်းအဖြစ် စာရင်းတင်သွင်းထားတဲ့နေရာကို သွားရောက်ဖို့လိုတယ်ဆိုတာကိုလည်း ခွင့်ယူသွားလို့ ရပါတယ်။ ဒါကြောင့် ပြန်ပြီးတော့ သုံးသပ်တင်ပြရမယ်ဆိုရင် အခုတင်ပြချက်အတွက် ကြိုဆိုတယ်။ သို့ရာတွင် ဥက္ကဋ္ဌတစ်ယောက်အနေနဲ့ နာယကတစ်ယောက်အနေနဲ့ မိမိတို့နိုင်ငံနှင့်နိုင်ငံသား အကျိုးစီးပွားအတွက် ဆောင်ရွက်ရမယ့်ဥပဒေများ၊ ထိုနည်းတူစွာပဲ သက်ဆိုင်ရာလုပ်ငန်းတာဝန်များ ဦးစားပေးပြီးတော့ အမြန်ဆုံးပြီးမြောက်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့အကြောင်း တင်ပြတဲ့ တင်ပြချက် တင်ပြသူများနှင့် ထောက်ခံသူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် တိုင်းပြည်ကို အသိပေးတင်ပြပါမယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ကော်မတီ(၁၉)ခု သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့ လွှတ်တော်က ဖွဲ့စည်းထားသော ကော်မတီ(၁၉)ခုအား သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် တွင်ဖွဲ့စည်းထားသည့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီ အရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာ၊ ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာ နှင့် ပြည်တွင်းငြိမ်းချမ်းဖော်ဆောင်မှုကော်မတီ၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်အကောက်ဆိုင်ရာ စိစစ်ညှိနှိုင်းရေးကော်မတီ၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့်လူငယ်ရေးရာကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ အာကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုစက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ကျန်းမာရေးမြှင့်တင်မှုကော်မတီ၊ ပညာရေး မြှင့်တင်မှုကော်မတီ၊ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့်တိုင်ကြားစာများ၊ အသနားခံစာများ စိစစ် ဆောင်ရွက်ရေးကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီ၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီအစရှိသော ကော်မတီ(၁၈)ခုရဲ့ သက်တမ်းကို တစ်နှစ်ပြည့်မြောက်သောနေ့၏ နောက်တစ်ရက်ဖြစ်သော ၅-၉-၂၀၁၅ ရက်မှစ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော်၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ တိုးမြှင့်သွားမှာဖြစ်သလို တရား

ဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီရဲ့ သက်တမ်းကိုလည်း တစ်နှစ်ပြည့်မြောက်သော နေ့၏ နောက်တစ်ရက်ဖြစ်သော ၇-၈-၂၀၁၅ ရက်မှစ၍ ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ သက်တမ်း ကုန်ဆုံးသည့်နေ့အထိ တိုးမြှင့်သွားမှာဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါ့မယ်။

**သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးမှ လုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများသို့ နိုင်ငံတော်သမ္မတကြီး မူချထားသည့်အတိုင်း ဘဏ္ဍာရန်ပုံငွေအသုံးစရိတ် အချိန်မီလွှဲ ပြောင်းပေးနိုင်ခြင်းရှိ/မရှိလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုရှိပြီး ပြည်သူများ သိရှိခွင့် ရစေရန် အမိန့်ညွှန်ကြားချက် ထုတ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုခြင်းတို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးမောက်(မလှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော် မလှိုင် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်မှ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်လို့ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်နှင့် ဘဏ္ဍာရေးခွင့်ပြု ပြီးဖြစ်တဲ့အတွက် စီမံကိန်းလုပ်ငန်းများနှင့်ငွေလုံးငွေရင်းလုပ်ငန်းများလည်း ပါရှိပြီးဖြစ်ပါတယ်။ ငွေလုံးငွေရင်းနဲ့ဆောင်ရွက်ရမည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီး ဌာနမှ တာဝန်ယူဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ ရေရရှိရေးနှင့် လူမှုရေးလုပ်ငန်းများနှင့်ပတ်သက်လို့ ရန်ပုံငွေများ မှန်ကန်စွာ သုံးစွဲရေး နဲ့ အချိန်မီပြီးစီးရေးတို့အတွက် မေးခွန်းများမေးမြန်းရသလို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ဒေသ အသီးသီးမှာရှိတဲ့ လုပ်ငန်းများဆောင်ရွက်ရာမှာ ထင်သာမြင်သာမှုရှိစေရန် လုပ်ငန်းများအား စံချိန် စံညွှန်းနှင့်အညီ ပြီးစီးစေရန် ရည်ရွယ်ပြီးတော့ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

(က) သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းများအား တိုင်းဒေသကြီးနှင့်ပြည်နယ် အစိုးရသို့ နိုင်ငံတော်သမ္မတကြီးမှမူချမှတ်ထားသည့်အတိုင်း အချိန်မီ ဘဏ္ဍာရန်ပုံငွေအသုံးစရိတ်

အပါအဝင် လွှဲပြောင်းပေးနိုင်ခြင်း ရှိ/မရှိ၊ လွှဲပြောင်းပေးရန် နောက်ဆုံးအချိန်ကန့်သတ်ထားရှိမှု ရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း။ (ခ)ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်အစိုးရများမှ လုပ်ငန်းများနှင့်ပတ်သက်၍ အချိန်မီ တင်ဒါခေါ်ယူရန် အစီအစဉ်ရှိ/မရှိ၊ April၊ May၊ June သုံးလအတွင်း တင်ဒါများခေါ်ယူ၍ လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးအပ်နိုင်ခြင်း ရှိ/မရှိ၊ လုပ်ငန်းများဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ငန်း စံချိန်စံညွှန်း ကုန်ကျစရိတ်များကို ပြည်သူများသိရှိလိုပါက အသိပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ် အသီးသီးမှာရှိတဲ့ အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာရေးကော်မတီ/ကျေးလက်တို့တွင် ပေးအပ်ထား ခြင်းရှိ/မရှိနှင့် မရှိပါက မည်သည့်အတွက်ကြောင့်ပေးအပ်သည်ကို သိလိုပါကြောင်း လုပ်ငန်းအချက် အလက်များကို သိရှိလိုပါက မည်သို့၊ မည်သူ၊ မည်သည့်ဌာနကို မေးမြန်းရမည်ကို သိလိုပါကြောင်း သက်ဆိုင်ရာများမှ ပြည်သူများ သိရှိခွင့်ရရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ခြင်းရှိ/မရှိ တို့နှင့်ပတ်သက်လို့ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော် အနည်းငယ်ရှင်းလင်း တင်ပြလိုတာကတော့ ကျွန်တော်တို့နယ်တွေမှာ ခံစားနေရတာကတော့ လုပ်ငန်းလုပ်သော်လည်းပဲ ဒီလုပ်ငန်းကို ကျွန်တော်တို့က မသိ၊ မရှိ အဲဒါမျိုးတွေဖြစ်နေပါတယ်။ ထိုနည်းတူစွာ ဥပမာပြရရင် ကျွန်တော့်နယ်မှာ ရေတွင်းတူးတယ်။ ရေတွင်းတူးရင် တူးရင် ပြီးပြီးရော တူးသွားတယ်။ ပြီးရင် ရေငံတွေထွက်တယ်။ ဒါဘယ်သူမှ မကြည့်ပါဘူး။ သက်ဆိုင်ရာဌာနကလည်း လာမကြည့်ပါဘူး။ လမ်းဖောက်သွားတယ်။ လမ်းပေါ်မှာ ဘေးက မြေကြီးကို ယက်ပုံသွားတယ်။ ဘယ်သူမှ လာမကြည့် ပါဘူး။ ဒါကြောင့် ကျွန်တော် စံချိန်စံညွှန်းနဲ့ပတ်သက်လို့လည်း မေးမြန်းရခြင်းဖြစ်ကြောင်း တင်ပြလို ပါတယ်။ နောက်တခြား အစိုးရဌာနများက လည်းပဲ ရန်ပုံငွေနှစ်စမှာရရင် ချက်ချင်းလုပ်မယ်ဆိုရင် လုပ်ငန်းတွေက ပြီးပါတယ်။ သို့သော်လည်းပဲ အချိန်ဆွဲနေတဲ့အတွက် ဒီနေ့ဒီအချိန်ထိ ရန်ပုံငွေ မရတဲ့ဌာနရှိသလို လုပ်ငန်းမစတင်နိုင်တဲ့နေရာတွေ အများကြီးရှိတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရ ခြင်းဖြစ်ကြောင်း တင်ပြလိုပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာလင်းအောင်(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေး

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မလှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းဖြေကြားပေး သွားမှာဖြစ်ပါတယ်။ ဖြေကြားမှုမှာ လိုအပ်တဲ့ဇယားတွေကိုတော့ Power Point ဖြင့်တင်ပြခွင့်ပြုဖို့ တင်ပြအပ်ပါတယ်။ ပထမဦးစွာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ လုပ်ငန်းများအား တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရများသို့ နိုင်ငံတော်သမ္မတကြီး မူချထားသည့်အတိုင်း အချိန်မီဘဏ္ဍာရန်ပုံငွေ အသုံးစရိတ်အပါအဝင် လွှဲပြောင်းပေးနိုင်ခြင်းရှိ/မရှိ၊ လွှဲပြောင်းပေးရန် နောက်ဆုံးအချိန် ကန့်သတ် ထားပေးမှုရှိ/မရှိ၊ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း မေးခွန်းအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးတော့ ၉-၄-၂၀၁၅ ရက်နေ့မှာ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ ဒီဥပဒေနှင့်အညီ ဘဏ္ဍာရေး ဝန်ကြီးဌာန ရသုံးမှန်ခြေငွေစာရင်း ဦးစီးဌာနအနေနဲ့ သက်ဆိုင်ရာဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီး ဌာနများကို ရငွေလျာထားချက်များနှင့် အသုံးစရိတ်ခွင့်ပြုငွေများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်အတွင်း ကျခံသုံးစွဲနိုင်ဖို့ ဘဏ္ဍာရေးခွင့်ပြုမိန့်တွေကို ၉-၄-၂၀၁၅ ရက်နေ့မှာ ထုတ်ပေးခဲ့ပါတယ်။ ဌာနအဖွဲ့အစည်းများဟာ မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်ကို ဆက်သွယ်ပြီး ရန်ပုံငွေလွှဲအပ်စာရင်းများ ဖွင့်လှစ်ပြီး လုပ်ငန်းများစတင်ဆောင်ရွက်ကြပါတယ်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုရဲ့ ဘဏ္ဍာရေးအရအသုံးဆိုင်ရာ ဥပဒေအရ ပြည်ထောင်စုဌာန အဖွဲ့အစည်းများ၏ ရငွေကိုစီမံကြီးကြပ်ကောက်ခံခြင်းနဲ့သုံးငွေတို့ကို စီမံခန့်ခွဲခြင်းအတွက်လည်း နိုင်ငံ တော်သမ္မတကို တာဝန်ပေးအပ်ပါတယ်။ နိုင်ငံတော်သမ္မတက တဖန် မိမိကိုအပ်နှင်းတဲ့ လုပ်ပိုင်ခွင့်တွေ ကို ပြည်ထောင်စုဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများကို လွှဲအပ်ရပါတယ်။ ပြည်ထောင်စု ဝန်ကြီးများက တစ်ဆင့်မိမိလက်အောက်မှာရှိတဲ့ ဌာနအကြီးအကဲများကို လွှဲအပ်ဆောင်ရွက်စေပါ တယ်။ ဌာနအကြီးအကဲများဟာ မိမိတို့ကို ခွဲဝေချထားပေးတဲ့ အသုံးစရိတ်ရန်ပုံငွေတွေကို ခေါင်းစဉ် အသေးတွေအလိုက် မိမိတို့လက်အောက်ခံငွေထုတ်သူအရာရှိများကို ထပ်မံခွဲဝေပေးရပါတယ်။ မိမိတို့ လက်အောက်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ရုံးခွဲတွေရှိလို့ရှိရင် ရန်ပုံငွေခွဲ ဝေသုံးစွဲရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ ရုံးခွဲတွေဟာ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှာရှိတယ်ဆိုရင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် အကောင်အထည်

ဖော်ဆောင်ရွက်နိုင်ဖို့ အချိန်မီ လွှဲအပ်ပေးနိုင်ပါတယ်။ ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲတဲ့နေရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့က ကိုယ်တိုင်ဆောင်ရွက်တာတွေရှိသလိုပဲ ပြည်ထောင်စု ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို ညှိနှိုင်းပြီးတော့မှ ပြည်ထောင်စုက တိုင်းဒေသကြီး/ပြည်နယ်အစိုးရကို ရန်ပုံငွေလွှဲပြောင်းပေးပြီး ဆောင်ရွက်သည်များလည်း ရှိပါတယ်။ ဒါ့အပြင် မူလကပဲ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်နဲ့ ဆောင်ရွက်တာတွေလည်း ရှိပါတယ်။ ဘယ်လိုပဲ ဆောင်ရွက်တာဖြစ်ပါစေ ဘဏ္ဍာရန်ပုံငွေတွေကိုတော့ အချိန်မီလွှဲပြောင်းပေးရ မှာပဲ ဖြစ်ပါတယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ကို ရန်ပုံငွေလွှဲပြောင်းဆောင်ရွက်တဲ့ ကိစ္စရပ်များနှင့်ပတ်သက်လို့ ဘဏ္ဍာရေး ဝန်ကြီးဌာနအနေနဲ့ စိစစ်ရာမှာ ပြည်ထောင်စုဝန်ကြီးဌာန ၃၀ ခုအနက် ဝန်ကြီးဌာန ၁၄ ခုမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို ရန်ပုံငွေများ၊ လုပ်ငန်းများ လွှဲပြောင်းပေးရန်မရှိပါကြောင်း သိရှိပါတယ်။ ဝန်ကြီးဌာန ၁၅ ခုကတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေကို လုပ်ငန်းတွေ၊ ရန်ပုံငွေတွေကို ပထမ သုံးလအတွင်း လွှဲအပ်ပေးပြီးဖြစ်ကြောင်းနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့တော့ ဌာနရဲ့ ဖွဲ့စည်းပုံပြင်ဆင်ပြောင်းလဲမှုကြောင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းအရ ရန်ပုံငွေ ပြန်လည်အပ်နှံပြီးတော့မှ ပြန်လည်တောင်းခံဖို့ကို ဆောင်ရွက်လျက်ရှိတဲ့အတွက် လွှဲပြောင်းရန် ကျန်ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အသေးစိတ် များကိုတော့ ကျွန်တော်တို့ နောက်ဆက်တွဲဇယားတွေနဲ့ တင်ပြထားပါတယ်။

ဆက်လက်ပြီးတော့မှ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ များမှ လုပ်ငန်းများနှင့်ပတ်သက်ပြီးတော့ အချိန်မီတင်ဒါခေါ်ယူဖို့အစီအစဉ် ရှိ/မရှိ၊ April၊ May၊ June သုံးလအတွင်း တင်ဒါများအပြီးခေါ်ယူပြီးတော့ လုပ်ငန်းများဆောင်ရွက်ရန် တာဝန်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင် ဗျား။ ဌာနအဖွဲ့အစည်းများဟာ ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် တည်ဆောက်ရေးပစ္စည်း ဝယ်ယူ ရေးလုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်သမ္မတရုံးက ၅-၄-၂၀၁၃ ရက်စွဲပါ ညွှန်ကြားချက် ၁/၂၀၁၃ နှင့်ထုတ်ပြန်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာ တွင် တင်ဒါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဌာနအဖွဲ့အစည်းများက ဒီညွှန်ကြားချက်မှာ ဖော်ပြထားတဲ့အတိုင်း တင်ဒါခေါ်ယူရာမှာလိုက်နာဆောင်ရွက်ရမည့် အချက်တွေ

ဝယ်ယူရေးဆိုင်ရာတင်ဒါစည်းကမ်းချက်တွေ၊ တည်ဆောက်ရေးဆိုင်ရာ တင်ဒါစည်းကမ်းချက်တွေ၊ ဝန်ဆောင်မှုဆိုင်ရာ တင်ဒါစည်းကမ်းချက်တွေ၊ တင်ဒါစံသတ်မှတ်ချက်တွေ၊ ဌာနရမ်းရောင်းချရေး တင်ဒါစည်းကမ်းချက်တွေနဲ့ စာချုပ်ချုပ်ဆိုပြီး ဆောင်ရွက်ရမည့်စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရပါမယ်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် တင်ဒါခေါ်ယူပြီးစီးမှုနှင့်ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်ခဲ့ရာမှာ ပြည်ထောင်စုဝန်ကြီးဌာန ရှစ်ခုဟာ ပထမသုံးလအတွင်း တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်တွေ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာန ၂၂ ခုမှာ တင်ဒါ ခေါ်ယူဖို့ဆောင်ရွက်ဆဲဖြစ်တယ်လို့ သိရှိရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တွေအနက် တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုမှာ ပထမသုံးလအတွင်း ခေါ်ယူပြီးစီးပြီဖြစ်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ် ရှစ်ခုမှာ ခေါ်ယူဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ ဒီတိုင်းဒေသကြီး/ပြည်နယ်များကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နဲ့ ရခိုင်ပြည်နယ်တို့ ဖြစ်ပါတယ်။ ဒီလိုကျန်ရှိနေတဲ့ ဝန်ကြီးဌာနများနဲ့ တိုင်းဒေသကြီး/ပြည်နယ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီးတော့မှ ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးအောင် တင်ဒါခေါ်ယူသွားရန် ညွှန်ကြားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများရဲ့ တင်ဒါခေါ်ယူပြီးစီးမှုအခြေအနေကိုလည်း နောက်ဆက်တွဲနဲ့ ဖော်ပြထားပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေရဲ့ တင်ဒါခေါ်ယူပြီးစီးမှုအခြေအနေကိုလည်း နောက်ဆက်တွဲနဲ့ တင်ပြထားပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့မှ လုပ်ငန်းတွေဆောင်ရွက်ရာမှာ ပွင့်လင်းမြင်သာမှုရှိစေဖို့ လုပ်ငန်းစံချိန်စံညွှန်းကုန်ကျစရိတ် စသည်တို့ကိုလည်း ပြည်သူများသိရှိလိုပါက အသိပေးနိုင်ဖို့ သက်ဆိုင်ရာ မြို့နယ်အသီးသီးမှာရှိတဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးတို့မှာ ပေးအပ်ထားခြင်းရှိ/မရှိနဲ့ မရှိလို့ရှိရင် မည်သည့်အတွက်ကြောင့် အသိမပေးတာကို သိလိုပါကြောင်း လုပ်ငန်းအချက်အလက်များကို သိရှိလိုပါက မည်သို့၊ မည်သူ၊ မည်သည့်ဌာနသို့ မေးမြန်းရမှာကို သိလိုပါကြောင်း သက်ဆိုင်ရာများမှ ပြည်သူများသိရှိခွင့်ရဖို့ အမိန့်ညွှန်ကြားချက် ထုတ်ပေးနိုင်ခြင်းရှိ/မရှိ သိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားလိုပါတယ်။ ဒီကိစ္စနှင့်ပတ်သက်လို့ မေးမြန်းထားတဲ့အချက်အလက်တွေအရ အဓိကအားဖြင့် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် သက်ဆိုင်မှာဖြစ်ပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနအားလုံးကိုလည်း စိစစ်

မေးမြန်းထားတာရှိပါတယ်။ ပညာရေးဝန်ကြီးဌာနမှာဆိုရင် ခရိုင်စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာမြို့နယ်အသီးသီးမှာရှိတဲ့ မြို့နယ်ဆောက်လုပ်ရေးကော်မတီတို့ကို လုပ်ငန်းတွေ ပေးအပ်ဆောင်ရွက်လျက်ရှိရာမှာ လုပ်ငန်းအချက်အလက်များ သိရှိလိုလို့ရှိရင် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးရုံးများနှင့် ခရိုင်ပညာရေးမှူးရုံးများသို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ပညာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြထားပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနမှာတော့ ဒေသများအလိုက် ဆောက်လုပ်ရေးကြီးကြပ်မှုကော်မတီတွေကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီးတော့ ဒီကော်မတီများမှာ ဒေသဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ်များ၊ စည်ပင်သာယာရေးကော်မတီ၊ ကျေးလက်တို့မှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားပြီးတော့ တင်ဒါခေါ်ယူရေးဆိုင်ရာလုပ်ငန်းစဉ်များကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်များကို အသိပေးပြီးဖြစ်ကြောင်း၊ လုပ်ငန်းအချက်အလက်များကို သိရှိလိုလို့ရှိရင် တိုင်းဒေသကြီး/ပြည်နယ် တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီကိုဖြစ်စေ၊ ကျန်းမာရေးဝန်ကြီးဌာနမှတစ်ဆင့်ဖြစ်စေ၊ သက်ဆိုင်ရာဦးစီးဌာနသို့ တိုက်ရိုက်ဖြစ်စေ၊ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်း သို့မဟုတ် စာရေးသား၍ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာနက တင်ပြလာပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှာ လုပ်ငန်းဆိုင်ရာအချက်အလက်တွေကို အတွင်းရေးမှူး၊ ဝယ်ယူရေးလုပ်ငန်းကော်မတီနှင့် အတွင်းရေးမှူး၊ ဆောက်လုပ်ရေးလုပ်ငန်းကော်မတီကိုလည်းကောင်း၊ ဦးစီးဌာနရုံးချုပ်နှင့် ခရိုင်ဦးစီးဌာနမှူး၊ နေပြည်တော်ကောင်စီသို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနရုံးများကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှာ ဒုတိယပါမောက္ခချုပ်(စီမံ)၊ ဌာနမှူး(စီမံ)နှင့် စီမံရေးရာဌာနသို့လည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ လုပ်ငန်းအသေးစိတ်စာရင်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့နဲ့ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ ဖြန့်ဝေပြီးဖြစ်တဲ့အတွက် မည်သူမဆိုမေးမြန်းစုံစမ်းနိုင်ပါကြောင်းနဲ့ လုပ်ငန်းအသေးစိတ်စာရင်းတွေကို သက်ဆိုင်ရာကျေးရွာများအရောက် ဖြန့်ဝေပြီးစီးမှုကို ၂၄-၅-၂၀၁၅ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြခဲ့ပါကြောင်း၊ လုပ်ငန်းအချက်အလက်များကို သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/

ခရိုင်/မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများကို ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက တင်ပြလာပါတယ်။

ကျန်ဝန်ကြီးဌာနများအနေနဲ့လည်း တင်ဒါလုပ်ငန်းများအတွက်ကို နိုင်ငံပိုင်သတင်းစာများမှ ကြော်ငြာခေါ်ယူခြင်း၊ ဝန်ကြီးဌာန Website မှာ ကြော်ငြာခြင်း စသည်ဖြင့် ဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းနဲ့ပတ်သက်တဲ့ အချက်အလက်တွေ သိရှိလိုလို့ရှိရင် ရုံးချုပ်ဌာနများသို့ဖြစ်စေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ရုံးများသို့ဖြစ်စေ၊ ဝန်ကြီးဌာနများ ဖော်ပြထားတဲ့ တာဝန်ရှိသူအဆင့်ဆင့်သို့ ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဒီစာရင်းတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့ တယ်လီဖုန်းနံပါတ်ကို ဆက်သွယ်ရမယ့် Contact Person တွေပါ အကုန်လုံးကို ကျွန်တော် ဇယားနဲ့ ဒီမှာ တင်ပြထားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို လိုင်စင်(ဝှီးတက်)၊ အုံနာဘုတ်ပေးရာတွင် ကြန့်ကြာနေပါသဖြင့် ထိုကာလအတွင်း မတော်တဆယာဉ်တိုက်မှုများ ဖြစ်ပွားပါကလိုင်စင်မဲ့ သို့မဟုတ် လိုင်စင်ရှိကို မည်သို့သတ်မှတ်ပြီး၊ မည်သို့စီမံဆောင်ရွက်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးရဲထွဋ်ဦး(နတ်တလင်း)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသ ကြီး၊ နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ခေတ်စနစ်နဲ့အညီ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်စုများပါမကျန် မော်တော်ဆိုင်ကယ်စီးနင်းမှုများလည်း တိုးတက်များပြားလျက်ရှိပါတယ်။ တိုးတက် များပြားလာသော ဆိုင်ကယ်စီးနင်းမှုများနဲ့အတူ ယာဉ်တိုက်မှုများမှာလည်း နေ့စဉ်နှင့်အမျှကြားသိ နေရပါတယ်။ ယာဉ်တိုက်မှုဖြစ်ပွားပါက မော်တော်ဆိုင်ကယ် လိုင်စင်ရှိ/မရှိကို အရင်ဆုံးဖြေရှင်း ဆောင်ရွက်ရပါတယ်။ နိုင်ငံတော်မှလည်း မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို One Stop Service ဖြင့် မှတ်ပုံတင် ပြုလုပ်ပေးခဲ့တဲ့အတွက် အများပြည်သူများ၏ကိုယ်စား အထူးပဲကျေးဇူးတင်ရှိပါတယ်။ ယခုအခါ နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရားဝင်အခွန်ဆောင်ပြီး တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို အရောင်းကိုယ်စားလှယ်များက ပုဂ္ဂလိကဘဏ်များနှင့်ချိတ်ဆက်ပြီး လက်ငင်း သို့မဟုတ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးနေသည့်အတွက် ပြည်သူများ၏ကိုယ်စား ဝမ်းပမ်းတသာ ဖြစ်ရပါတယ်။ ယင်းမော်တော်ဆိုင်ကယ်များဖြင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊

စီးပွားရေးအတွက် အသုံးပြုရာတွင်လည်း အင်မတန်မှလည်း အကျိုးရှိပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မေးခွန်းနံပတ်(၁) နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များကို လိုင်စင်(ဗွီးတက်)၊ အုံနာဘုတ်ထုတ်ပေးရာတွင် ၂ လနှင့်အထက် မည်သို့သည့်အတွက်ကြောင့် ကြန့်ကြာနေပါသနည်း။ မေးခွန်းနံပတ်(၂) ထိုကြန့်ကြာနေသောကာလအတွင်း မတော်တဆယာဉ်တိုက်မှုဖြစ်ပွားပါက ရဲစခန်းတွင် လိုင်စင် (ဗွီးတက်)၊ အုံနာဘုတ် မတင်ပြနိုင်ပါက လိုင်စင် မဲ့သို့မဟုတ် လိုင်စင်ရှိဟု သတ်မှတ်ပါပြီလား။ မေးခွန်းနံပတ်(၃) လိုင်စင်မဲ့ဟု သတ်မှတ်မည်ဆိုပါက တရားဝင်မော်တော်ဆိုင်ကယ်ဝယ်ယူစီးနင်းသော အများပြည်သူများအတွက် နိုင်ငံတော်မှ မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနဲ့ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွဋ်ဦး၏မေးခွန်းနှင့် ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပြည်ထဲရေးဝန်ကြီးဌာနတို့ရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင် ကဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ မှတ်ပုံတင်ထားတဲ့ မော်တော် ဆိုင်ကယ်စီးရေ စုစုပေါင်း ၃၆၅၄၃၂ ရှိပါတယ်။ ကနဦးမှတ်ပုံတင်ဆောင်ရွက်ရတာကတော့ ၁ လမှာ ပဲခူးတိုင်းမှာ ပျမ်းမျှစီးရေ ၃၀၀၀ လောက်ရှိပါတယ်။ တိုင်းဒေသကြီးရုံးနှင့်ခရိုင်ရုံးများမှာ မော်တော်ဆိုင်ကယ် ကနဦးမှတ်ပုံတင်ဖို့အတွက် ဝယ်ယူသူကိုယ်တိုင်လာရောက်မှုနည်းပြီးတော့ ကုမ္ပဏီတွေကသာ လာရောက်ဆောင်ရွက ခြင်းဖြစ်ပြီး တစ်ကြိမ်မှာ အနည်းဆုံး ၁၀ စီးမှ အများဆုံးအစီး ၁၀၀ လောက်အထိ ရှိခဲ့ပါတယ်။ မော်တော်ဆိုင်ကယ်ကနဦးမှတ်ပုံတင်လုပ်ငန်း ဆောင်ရွက်မှုလုပ်ငန်း အဆင့်ဆင့်နဲ့ ကြာမြင့်တဲ့အချိန်ကို အပိုင်း ၃ ပိုင်းနဲ့တင်ပြသွားပါမယ်။ အပိုင်း(၁)အနေနဲ့ကတော့ မှတ်ပုံတင်ပေးရမယ့် မော်တော်ဆိုင်ကယ်နဲ့ ကုမ္ပဏီတွေကတင်ပြတဲ့ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ Custom Statement စသည့် အထောက်အထားစာရွက်စာတမ်းများနှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊ မူသေနံပါတ်သတ်မှတ်

ပေးခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ မှတ်ပုံတင်ခငွေပေးသွင်း ရန် တွက်ချက်ခြင်းတို့ကိုဆောင်ရွက်ရပြီးတော့ စီးရေအနည်းအများပေါ်မူတည်ပြီး ၁ ရက်မှ ၃ ရက်ခန့် ကြာပါတယ်။ အပိုင်း(၂)အနေနဲ့တော့ မြန်မာ့အာမခံလုပ်ငန်းကိုသွားရောက်၍ အာမခံပေးဆောင်ရန်အတွက် အကြောင်းကြားစာထုတ်ပြန်ခြင်းဖြစ်ပါတယ်။ အချိန်တစ်ရက်လောက်ကြာပါတယ်။ မော်တော်ဆိုင်ကယ်ပိုင်ရှင်က မြန်မာ့အာမခံလုပ်ငန်းမှာသူတစ်ပါးထိခိုက်မှုအာမခံကြေးပေးသွင်းပြီးတဲ့နောက် ပေးသွင်းပြီးကြောင်း အထောက်အထားကို က.ည.န ကို ပြန်လည်အပ်နှံရမှာဖြစ်ပါတယ်။ အပိုင်း(၃) အနေနဲ့တော့ အမှုတွဲပြည့်စုံတဲ့အချိန်မှာ မှတ်ပုံတင်ခနဲ့ ဖောင်းကြွနံပါတ်ပြားဖိုးငွေ ပေးသွင်းပြီးတဲ့နောက်မှာ အုံနာဘုတ်နဲ့ဗွီးတက်ကိုထုတ်ပေးခြင်းဖြစ်ပါတယ်။ ဆိုင်ကယ်စီးရေအနည်းအများပေါ် မူတည်ပြီးတော့ သုံးရက်ခန့်ကြာမြင့်တက်ပါတယ်။ ဆိုင်ကယ်ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ဖို့အတွက် က.ည.နအနေနဲ့ လုပ်ဆောင်ရတဲ့ လုပ်ငန်းတွေအနေနဲ့ကတော့ စုစုပေါင်းကြာချိန် လုပ်ဆောင်ရက် Working Day ၇ ရက်လောက်သာကြာတာဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ် အရောင်းပြခန်းကုမ္ပဏီများအနေနဲ့ မူသေနံပါတ်ရယူခြင်း၊ ယာဉ်စစ်ဆေးခြင်းများကိုဆောင်ရွက်ကြသော်လည်း မြန်မာ့အာမခံရုံးသို့ အာမခံပေးသွင်းခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ခနှင့် ဖောင်းကြွနံပါတ်ပြားဖိုးငွေပေးသွင်းခြင်းမရှိတဲ့ အချိန်မှာတော့ ဌာနအနေနဲ့ အုံနာဘုတ်၊ ဗွီးတက်ကို ကျွန်တော် ခုနတင်ပြတဲ့ရက်ကန့်သတ်ချက်အတိုင်းထုတ်ပေးနိုင်မှာ မဟုတ် ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီအတွက်ကြောင့် ကိုယ်စားလှယ်တော်ကြီးမေးတဲ့ ပထမမေးခွန်းဖြစ်တဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရားဝင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်တွေကို ထုတ်ပေးရာမှာ ၁ လနှင့်အထက် မည့်သည့်အတွက်ကြောင့် ကြန့်ကြာပါသလဲဆိုတဲ့မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ မော်တော်ဆိုင်ကယ်တွေရောင်းချတဲ့ ကုမ္ပဏီတွေအနေနဲ့ မူသေနံပါတ်ရယူပြီးတော့ ယာဉ်စစ်ဆေးပြီးသော်လည်း မှတ်ပုံတင်ကပေးသွင်းမှုနောက်ကျသဖြင့်လည်းကောင်း၊ အထောက်အထား ပြည့်စုံမှုမရှိသဖြင့်လည်းကောင်း၊ ကြန့်ကြာမှုရှိတာကို စစ်ဆေးတွေ့ရှိရပါကြောင်းနှင့် က.ည.နအနေနဲ့ မော်တော်ဆိုင်ကယ် ကနဦးမှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ရာမှာ ဆိုင်ကယ်စီးရေ အနည်းအများပေါ်မူတည်ပြီးတော့ ၇ ရက်အတွင်း ဆောင်ရွက်ပြီးစီးမှုရှိအောင် ကြိုးစားဆောင်ရွက်ပေးလျက်ရှိ ကြောင်း တင်ပြအပ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ ကြန့်ကြာတဲ့ကာလအတွင်း မတော်တဆ ယာဉ်တိုက်မှုများဖြစ်ပွားပြီး ရဲစခန်းမှာလိုင်စင်(ဗွီးတက်)၊ အုံနာဘုတ်မတင်ပြနိုင်ရင် လိုင်စင်မဲ့ သို့မဟုတ် လိုင်စင်ရှိသတ်မှတ်ပါမည်လား သိရှိလိုခြင်း နှင့်ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ဖြေကြားချက်ကို ဆက်လက်တင်ပြသွားပါမယ်။ နယ်စပ်ကုန်သွယ်ရေးစခန်းတွေဟာ တရားဝင်တင်သွင်းလာတဲ့ မော်တော်ဆိုင်ကယ်တွေကို

၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ်နည်းဥပဒေ ၄ အရ ဗဟိုမှတ်ပုံတင်အဖွဲ့၌ မှတ်ပုံတင်ပြုလုပ်ရမည် ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ် ဥပဒေပုဒ်မ ၃ အရ မည်သည့်မော်တော်ယာဉ်မဆို မှတ်ပုံတင်မထားသော မော်တော်ယာဉ်ဖြစ်လျှင် လည်းကောင်း၊ မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့် နည်းလမ်းအတိုင်းပြသမထားသော မော်တော်ယာဉ်ဖြစ်လျှင်လည်းကောင်း၊ ထိုမော်တော်ယာဉ်များကို ပြည်သူတို့ ဆိုင်ရာနေရာ တစ်ခုခုတွင် မည်သူမျှမမောင်းနှင်ရ။ ထို့အပြင် မော်တော်ယာဉ်ပိုင်ရှင်တစ်ဦးဦးကလည်း မမောင်းနှင်စေရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရဟု ပြဋ္ဌာန်းထားရှိတာဖြစ်တဲ့အတွက် မှတ်ပုံတင်သက်သေခံ လက်မှတ်ကို သတ်မှတ်တဲ့နည်းလမ်းအတိုင်း မော်တော်ဆိုင်ကယ်နှင့်အတူ ပြသထားနိုင်မှသာလျှင် အများပြည်သူဆိုင်ရာနေရာတစ်ခုခုမှာ မောင်းနှင်စီးနင်းနိုင်မှာ ဖြစ်ပါတယ်။ မော်တော်ဆိုင်ကယ် မောင်းနှင်စီးနင်းသူများအနေနဲ့ ယာဉ်မတော်တဆထိခိုက်မှုဖြစ်ပွားပါက ဖြစ်စဉ်အပေါ်မှာ မူတည်ပြီးတော့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၇၉/၃၃၇/ ၃၃၈/၃၀၄-က (ယာဉ်မဆင်မခြင်မောင်းနှင်မှု/သာမာန်နာကျင်စေမှု/အပြင်းအထန်နာကျင်စေမှု/ လူသေစေမှု)စတဲ့ သက်ဆိုင်ရာပုဒ်မများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား အမှုဖွင့်အရေးယူဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယာဉ်မတော်တဆထိခိုက်ဖြစ်ပွားတဲ့ သက်သေခံယာဉ်ဟာ ဗဟိုမှတ်ပုံတင်အဖွဲ့မှာ မှတ်ပုံတင်ထားခြင်းရှိ/မရှိ၊ ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်နဲ့ မှတ်ပုံတင်စာအုပ်တွေဟာ မှန်ကန်မှု ရှိ/မရှိ၊ သက်ဆိုင်ရာ က.ည.နကိုစာနဲ့ မေးမြန်းစိစစ် ဆောင်ရွက်ရပါတယ်။ အဲလိုစိစစ်ဆောင်ရွက်ချက် အရ သက်သေခံမော်တော်ယာဉ်ဟာ ဗဟိုမှတ်ပုံတင်အဖွဲ့မှာ မှတ်ပုံတင်ထားခြင်းမရှိကြောင်း တွေ့ရ လို့ရှိရင်တော့ ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ ၃ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ရ တဲ့အတွက် ယင်းဥပဒေပုဒ်မ ၂၁ အရ ထပ်မံပြီးတော့ အရေးယူဆောင်ရွက်ရပါတယ်။

သို့ဖြစ်ပါ၍ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တရားဝင်အခွန်ဆောင်တင်သွင်းလာသော မော်တော်ဆိုင်ကယ်များ မတော်တဆယာဉ်တိုက်မှုဖြစ်ပွား၍ ရဲစခန်းတွင် အုံနာဘုတ်နှင့်(ဗွီးတက်) မတင်ပြနိုင်ပါက ၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေပုဒ်မ ၃ အရ လိုင်စင်ရှိ မော်တော်ဆိုင်ကယ်အဖြစ် သတ်မှတ်မှာမဟုတ်ကြောင်းနှင့် မော်တော်ဆိုင်ကယ်စီးနင်းအသုံးပြုသူများအနေနဲ့ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေနှင့် ၁၉၈၉ ခုနှစ်၊ မော်တော်ယာဉ် နည်းဥပဒေများနှင့်အညီ လိုက်နာ ဆောင်ရွက်သင့်ပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တတိယမေးခွန်းဖြစ်တဲ့ လိုင်စင်မဲ့လို့သတ်မှတ်မယ်ဆိုရင် တရားဝင်မော်တော် ဆိုင်ကယ်ဝယ်ယူစီးနင်းသောအများပြည်သူများအတွက် မည်သို့စီမံဆောင်ရွက်မည်ဆိုတဲ့မေးခွန်းနှင့်

စပ်လျဉ်းပြီးတော့ မော်တော်ဆိုင်ကယ် ကနဦးမှတ်ပုံတင်ပြုလုပ်လိုသူအနေနဲ့ တရားဝင်တင်သွင်းတဲ့ စာရွက်စာတမ်းအထောက်အထားများကို ကညနရုံးမှာတင်ပြပြီးတော့ မူသေနံပါတ်ရယူခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ မြန်မာ့အာမခံလုပ်ငန်းမှာ သူတစ်ပါးထိခိုက်မှုအာမခံပေးသွင်းပြီးကြောင်း အထောက်အထားနှင့်အတူ မော်တော်ဆိုင်ကယ်ပိုင်ရှင်ရဲ့ ခုနက ကျွန်တော်တင်ပြတဲ့ နောက်ဆုံးလုပ်ဆောင်ချက်ဖြစ်တဲ့ ကနဦးမှတ်ပုံတင်ခနှင့် ဖောင်းကြွနံပါတ်ပြားဖိုးငွေ ပေးသွင်းရမှာဖြစ်ပါတယ်။ အဲဒီပေးသွင်းပြီးတဲ့နောက် မော်တော်ဆိုင်ကယ်တွေအတွက် ပေးသွင်းပြီးတဲ့နောက်တစ်ရက်အတွင်းမှာ ကျွန်တော်တို့ ဗွီးတက်ကို ထုတ်ပေးရေးစီစဉ်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မော်တော်ယာဉ်များတွင် လေအေးပေးစက်များ ထိရောက်မှု ရှိစေရန်နှင့်(UV)ခရမ်းလွန်ရောင်ခြည် နေပူဒဏ်ကာကွယ်ရန် မှန်များတွင် နေရောင်ကာ Tinted Sticker များကို မည်သည့်ရာခိုင်နှုန်းအထိ တပ်ဆင်ခွင့်ရှိကြောင်း သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ဦးစိုးဝင်း၊ ကျောက်တံတားမဲဆန္ဒနယ်က မေးဖို့ဖြစ်ပါတယ်။

**ဦးစိုးဝင်း(ကျောက်တံတားမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်တော်ယာဉ်များမှာ တပ်ဆင်တဲ့ နေရောင်ကာ စတေကာများတပ်ဆင်ခြင်းရှိ/မရှိနဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ၂၀၁၂ ခုနှစ်၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးမှာ ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းက မေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ဥပဒေတစ်ခုပြဋ္ဌာန်းပြီးပါက ပြည်သူတွေသိရှိနားလည်ပြီး လိုက်နာကျင့်သုံးဖို့ အလွန်အရေးကြီးပါတယ်။ အချို့ပြဋ္ဌာန်းချက်တွေဟာ ပြည်သူတွေအနေနဲ့လုပ်ခွင့်ရှိ/မရှိ ကွဲကွဲပြားပြား မသိတဲ့အခါ ဥပဒေကို ချိုးဖောက်သလိုဖြစ်နေပါတယ်။ ကျွန်တော်တို့သိတာက နိုင်ငံခြားကတင်သွင်းတဲ့ကားများမှာ မူလနေရောင် ကာမှန်တွေပါတဲ့ကားအချို့ရှိပြီး မပါတဲ့ကားတွေကို နေရောင်သက်သာအောင် စတစ်ကာတွေ တပ်ဆင်အသုံးပြုတာရှိပါတယ်။ ၎င်းတပ်ဆင်ခြင်းနှင့် ပတ်သက်ပြီးတော့ အချို့ဒေသတွေမှာ ရဲကဖမ်းတာရှိပါတယ်။ တချို့လိုင်စင်ရုံးမှာ လိုင်စင်ဝင်တဲ့အခါမှာလည်း စတစ်ကာတွေကို တချို့ရုံးက ခွာခိုင်းပြီး၊ တချို့ရုံးက မခွာခိုင်းတာရှိပါတယ်။ သို့ပါ၍ ကျွန်တော်

မေးမြန်းလိုတဲ့မေးခွန်းက မော်တော်ယာဉ်တွေမှာ လေအေးပေးစက်များ ထိရောက်မှုရှိစေရန် UV ခရမ်းလွန်ရောင်ခြည် နေပူဒဏ်ကိုကာကွယ်ရန် မှန်များမှာ နေရောင်ကာစတစ်ကာများကို တပ်ဆင်ခွင့်ရှိ/မရှိသိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးချန်မောင်(ဒုတိယဝန်ကြီး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။ မော်တော်ယာဉ်မှန်တွေနဲ့ပတ်သက်ပြီးတော့ Colour အနည်းငယ်ပါရှိတဲ့ ပုံမှန်စက်ရုံထုတ် Colour မှန်များရဲ့ မြင်နိုင်စွမ်းအားဟာ ၇၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းလောက်အထိရှိကြပါတယ်။ ကျွန်တော်တို့ Internet Webpage တွေမှာ စစ်ဆေးတွေ့ရှိမှုအရ အင်္ဂလန်နိုင်ငံမှာ သူရဲ့ မော်တော်ယာဉ်များမှာ တပ်ဆင်ထားရှိတဲ့မှန်တွေနဲ့ပတ်သက်ပြီးတော့ ရှေ့လေကာမှန်ကြီးရဲ့ မြင်နိုင်စွမ်းအားကို ၇၅ ရာခိုင်နှုန်းသတ်မှတ်ပြီး ယာဉ်မောင်းရဲ့ဘေးတံခါးမှန်မြင်နိုင်စွမ်းအားကို ၇၀ ရာခိုင်နှုန်းသတ်မှတ်ကြောင်း တွေ့ရှိရပါတယ်။ အိန္ဒိယနိုင်ငံမှာတော့ ရှေ့လေကာမှန်ကြီးရဲ့မြင်နိုင်စွမ်းအားကို ၇၀ ရာခိုင်နှုန်းသတ်မှတ်ပြီး အခြားတံခါးပေါက်မှန်တွေကို ၅၀ ရာခိုင်နှုန်းသတ်မှတ်တာ တွေ့ရပါတယ်။ အဲဒီတော့ အာဆီယံနိုင်ငံတွေထဲက စင်ကာပူနိုင်ငံမှာ မော်တော်ယာဉ်များရဲ့ ရှေ့လေကာမှန်ကြီးနဲ့ ယာဉ်မောင်းရဲ့ဘေးမှန်နဲ့ မြင်နိုင်စွမ်းအားကို အနည်းဆုံး ၇၀ ရာခိုင်နှုန်းသတ်မှတ်တာကို တွေ့ရပါတယ်။ နောက်ပိတ်မှန်နဲ့ နောက်ဘေးမှန်တွေအားလုံးရဲ့မြင်နိုင်စွမ်းအားကို ၂၅ ရာခိုင်နှုန်းသတ်မှတ်တာတွေ့ရပါတယ်။ မလေးရှားနိုင်ငံမှာ ရှေ့လေကာမှန်ကြီးရဲ့မြင်နိုင်စွမ်းအားကို ၇၀ ရာခိုင်နှုန်း၊ ယာဉ်မောင်းဘေးနှစ်ဖက်မှန်များရဲ့မြင်နိုင်စွမ်းအားကို ၅၀ ရာခိုင်နှုန်း၊ နောက်ပိတ်တံခါးနှင့် အခြားနောက်ခန်းဘေးမှန်တွေကို ၃၀ ရာခိုင်နှုန်း သတ်မှတ်တာကို တွေ့ရပါတယ်။ ပြည်ပစက်ရုံထုတ် Colour မှန်တွေကို ယာဉ်အရောင်အမျိုးအစားအလိုက် ယာဉ်ရဲ့အတွင်းအပြင် မြင်နိုင်မှုစွမ်းအားကို

Tint Meter နဲ့လက်တွေ့စစ်ဆေး စမ်းသပ်ကြည့်ရာမှာ Gray အရောင်ဖြစ်လို့ရှိရင် ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းလောက် ရှိပါတယ်။ Dark Gray ဖြစ်လို့ရှိရင် ၄၀ ရာခိုင်နှုန်းကနေ ၅၅ ရာခိုင်နှုန်းရှိပါတယ်။ Mercury ဖြစ်နေရင်တော့ ၀ ရာခိုင်နှုန်းကနေပြီးတော့ ၂၀ ရာခိုင်နှုန်းလောက်ရှိတာတွေ့ရတဲ့ အတွက်ကြောင့် မြန်မာနိုင်ငံအတွင်းအသုံးပြုမယ့် မော်တော်ယာဉ်တွေအတွက် ယာဉ်ရဲ့အတွင်း အပြင်ကို ကောင်းစွာမြင်နိုင်တဲ့ Color မှန်ရဲ့မြင်နိုင်မှုစွမ်းအား ၆၀ ရာခိုင်နှုန်းနဲ့အထက်ကိုသာ တပ်ဆင်စေရန် ၂၀-၆-၂၀၀၆ ခုနှစ်ကနေစပြီးတော့ ကညနက သတ်မှတ်ထားချက်ရှိခဲ့ပါတယ်။ မော်တော်ယာဉ် တင်သွင်းရာမှာလည်း မြင်နိုင်မှုစွမ်းအား ၆၀ ရာခိုင်နှုန်းနဲ့ အထက်ရှိတဲ့မှန်တွေ တပ်ဆင်ထားတဲ့ယာဉ်တွေကိုသာ တင်သွင်းခွင့်ပြုဖို့နဲ့ ယာဉ်တင်သွင်းသူများကိုလည်း သိရှိလိုက်နာဆောင်ရွက်စေရေးအတွက် ဆောင်ရွက်ပေးဖို့ ၂၈-၇-၂၀၁၁ ရက်နေ့ ရက်စွဲပါစာနဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနကို ကျွန်တော်တို့ ညှိနှိုင်းအကြောင်းကြားခဲ့ပါတယ်။ မော်တော်ယာဉ်တွေမှာ တပ်ဆင်ပါရှိတဲ့မှန်တွေဟာ မှန်ဆိုရင် မူလစက်ရုံထုတ်လုပ်တဲ့မှန်များဖြစ်တဲ့အတွက်ကြောင့် ယာဉ်ပိုင်ရှင်များအဆင်ပြေစေရေးနဲ့ ယာဉ်မှတ်ပုံတင်လုပ်ငန်းမြန်ဆန်စေရေးအတွက် မှန်ရဲ့ မြင်နိုင်စွမ်းအားကို Tint Meter နဲ့တိုင်းလိုက်ပါတယ်။ သတ်မှတ်ချက်နဲ့ကိုက်ညီလျှင် ကျွန်တော်တို့ ဒီတိုင်းပဲမှတ်ပုံတင်ပေးလိုက်ပါတယ်။ အကယ်၍သာ သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိဘူးဆိုရင်တော့ မြင်နိုင်စွမ်းအားရာခိုင်နှုန်းရလဒ်ကို ယာဉ်စစ်ဆေးခြင်းမှတ်တမ်းမှာ မှတ်တမ်းထားရှိပြီးတော့ မှတ်ပုံတင်ပြုလုပ်ပေးဖို့ ကျွန်တော်တို့ ရုံးအမိန့်အမှတ် (လုပ်ငန်း-၁၈/၁၁)နဲ့ ညွှန်ကြားမှုပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါက ၁၈/၁၁ ဖြစ်တဲ့အတွက်ကြောင့် ၂၀၁၁ ခုနှစ်အတွင်းမှာ ကျွန်တော်တို့ ညွှန်ကြားချက်လုပ်ပေးတာဖြစ်ပါတယ်။ ယာဉ်မောင်းသူရဲ့မြင်ကွင်းကို များစွာအနှောင့်အယှက်ဖြစ်စေတဲ့ Sticker တပ်ဆင်အသုံးပြုခြင်းဖြင့် ယာဉ်အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာကိစ္စရပ်များလာရောက်ဆောင်ရွက်တဲ့ မော်တော်ယာဉ်များမှာ ရှေ့လေကာမှန်မှာရှိတဲ့ Sun Shade မှအပ ကျန်တဲ့ Sticker အားလုံး ခွာပြီးမှ မှတ်ပုံတင်ကိစ္စ ဆောင်ရွက်ပေးဖို့ ၁၉၉၈ ခုနှစ်တုန်းကတော့ ကျွန်တော်တို့ ညွှန်ကြားချက်ရှိခဲ့ပါတယ်။ သို့သော်လည်း အခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်း နိုင်ငံတကာမှာ မော်တော်ယာဉ်ရှိမှန်တွေကို Sticker တပ်ဆင်ခြင်းဟာ နေရဲ့အလင်းရောင်၊ အနီအောက်ရောင်ခြည်နှင့် ခရမ်းလွန်ရောင်ခြည် (UV) ကျရောက်မှုမှ ကာကွယ်ရန်တပ်ဆင်ထားတာဖြစ်တဲ့အတွက်ကြောင့် ၂၀၁၂ ခုနှစ် မတ်လ ကစပြီးတော့ ကျွန်တော်တို့ Sticker တပ်ဆင်တဲ့မှန်တွေကိုလည်း မြင်နိုင်စွမ်းအားကို Color မှန်ရဲ့မြင်နိုင်စွမ်းအားဖြစ်တဲ့ ၆၀ ရာခိုင်နှုန်းနဲ့အထက် သတ်မှတ်ချက်အတိုင်းပဲ ကျွန်တော်တို့ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြား

အပ်ပါတယ်။ ကျွန်တော်အခုဖြေကြားတာတွေကို ပေါင်းစည်းပြီးတော့ ပြန်လည်ဖြေကြားရရင်တော့ လက်ရှိအားဖြင့် မော်တော်ယာဉ်များမှာ တပ်ဆင်ထားတဲ့ Tinted Glass များကိုလည်းကောင်း၊ မှန်မှာတပ်ဆင်ထားတဲ့ Tinted Sticker များကိုလည်းကောင်း Tint Meter နဲ့ တိုင်းတာပြီးတော့ ၆၀ ရာခိုင်နှုန်းနဲ့အထက်ရှိတဲ့ယာဉ်များကို မှတ်ပုံတင်ခြင်းဟာ ပုံမှန်လုပ်ဆောင်ပေးလျက်ရှိကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရန်ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ရေးဆွဲခဲ့တဲ့ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ပါရန် တင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၁၅)မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ ဖွဲ့စည်းပုံကို ဖွဲ့စည်းပုံ အသစ်နဲ့ တိုးချဲ့ဖွဲ့စည်းဖို့ အတည်ပြုချက်အရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို လမ်းဦးစီးဌာန၊ တံတားဦးစီးဌာနနဲ့ အဆောက်အဦဦးစီးဌာန စသည်ဖြင့် တိုးချဲ့ပြောင်းလဲ ဖွဲ့စည်းပေးခဲ့ပါတယ်။ ယခု အခါမှာ ပြောင်းလဲဖွဲ့စည်းခဲ့တဲ့ ဦးစီးဌာနများရဲ့ လုပ်ငန်းတာဝန်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီး ဌာနက တည်ဆဲဥပဒေအဖြစ် အသုံးပြုလျက်ရှိတဲ့ လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေမှာ ပါရှိတဲ့ ယခင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို ပြောင်းလဲဖွဲ့စည်းထားတဲ့ လမ်းဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်လိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။

စကားရပ်အစားထိုး ပြင်ဆင်ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံဉာဏ်ရယူပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံး ဥပဒေအကြံပေးအဖွဲ့မှ အကြံပြုချက်အရ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသို့ တင်ပြခဲ့ပြီးတဲ့နောက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၅)မှာ သဘောတူခွင့်ပြုမှုနဲ့ လွှတ်တော်သို့ပေးပို့တင်ပြခဲ့ပြီးဖြစ်ပါ၍ ပြည်သူ့လွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ဖတ်ကြားရှင်းလင်းဖို့ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စားကော်မတီ၏တာဝန်ပေးအပ်ချက်အရ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာအား ဖတ်ကြားရှင်းလင်းသွားမှာဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ရုံးက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၀ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသော လမ်းနှင့်တံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် လမ်း၊တံတားအသုံးပြုသူများ စနစ်တကျအသုံးပြုပြီးသတ်မှတ်နှုန်းထားအတိုင်း အခွန်အခရရှိစေရေးအတွက် ပြဋ္ဌာန်းထားသော လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည့်စကားရပ်ကို လမ်းဦးစီးဌာန ဆိုသည့်စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၁၆-၈-၂၀၁၅ ရက်နေ့တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန်တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဤဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၂)ခု ပါရှိပါသည်။

(ခ) လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ၁၇-၆-၂၀၁၅ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅/၂၀၁၄ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်၍ ယခုပြင်ဆင်သည့်ဥပဒေကြမ်း၏ခေါင်းစီးကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

(ဂ) အပိုဒ် ၁ ကို ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ ဟုခေါ်တွင်စေရမည် ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၂ ရှိ ပုဒ်မ ၁၃(ဂ) ခေါင်းစဉ်တွင် ပါရှိသော စကားရပ်ကို ပုဒ်မ ၁၃ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဆောက်လုပ်ရေးဝန်ကြီးဌာနကတင်သွင်းသည့် လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် နည်းဥပဒေ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာတို့ကို အတိအကျဖော်ပြ၍ ၁၉-၈-၂၀၁၅ ရက် ကြာသပတေးနေ့ နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ** ။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်း အဝေး (၈၀)ရက်မြောက်နေ့ဖြစ်သော (၂၃-၇-၂၀၁၅)ရက်နေ့တွင် လက်ခံရရှိကြောင်း အသိပေးခြင်း နှင့်ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေ ကြမ်းနှင့် စပ်လျဉ်းပြီးပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် မိမိပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကို တိကျစွာ ရေးသားဖော်ပြ၍ ၁၀-၈-၂၀၁၅ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးဖြစ်ပါတယ်။ ယနေ့အထိ ပြင်ဆင်ချက်အဆိုတင်သွင်းလာတဲ့ ကိုယ်စားလှယ်တစ်ဦးမျှ

မရှိပါ။ ဒါကြောင့် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး ဥပဒေကြမ်း ကော်မတီရဲ့အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်ကသဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်ချက်မရှိ သဘောတူကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၈၃)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး(၈၂)ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၈၃)ရက် မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈၂)ရက်မြောက်နေ့ ကို ၁၁း၁၀ နာရီအချိန်တွင် ရပ်နားပါသည်။ ]